

CHANGES PROGRAM | BURMESE

# လျှပ်စစ်ဓာတ်အားနှုန်းထား အစီအစဉ် ရွေးချယ်ခြင်း

လျှစ်စစ်ဓာတ်အားအတွက် သင်ပေးချရေမည့်ပမာဏသည် သင် ရွေးချယ်သဓာအစီအစဉ် ပေါ်တွင် မူတည်သည်။

သင်၏ လျှပ်စစ်မီးဝန်ဆောင်မှု လုပ်ငန်းမှ သင်နှင့် သင့်မိသားစုအတွက် အသင့်တော်ဆုံးဖြစ်သည့် နှုန်းထား အစီအစဉ်တစ်ခုကို ရွေးချယ်နိုင်သည်။ အချို့အစီအစဉ်များသည် သင် လျှပ်စစ်ဓာတ်အား မည်မျှအသုံးပြုသည် အပေါ်တွင် မူတည်ပြီး အချို့အစီအစဉ်များသည် လျှပ်စစ်ဓာတ်အား အသုံးပြုသည့် အချိန်တွင် မူတည်ပါသည်။

## လျှပ်စစ်ဓာတ်အား သုံးစွဲမှုကို မည်သို့တိုင်းတာသနည်း။

သင်အသုံးပြုသည့် လျှပ်စစ်ဓာတ်အားအတွက် သင့်အား ငွေမည်မျှတောင်းခံရမည်ကို ဆုံးဖြတ်ရန် အတွက် သင်၏ လျှပ်စစ်မီးဝန်ဆောင်မှုလုပ်ငန်း အသုံးပြုသည့် တိုင်းတာမှုယူနစ်ကို ကီလိုဝပ်နာရီ (kWh) ဟု ခေါ်ပါသည်။

ဥပမာ သင် ဓာတ်ဆီဝယ်လျှင် သင်ဝယ်ယူသည့် ဂါလံအရအေတွက်အတိုင်း ပေးချရေမည် သို့မဟုတ် သင် ပိတ်စဝယ်လျှင် သင်ဝယ်ယူသည့်ပိတ်စမီတာအတိုင်း ပေးချရေမည်။ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်လျှင် သတ်မှတ်ကာလအတွင်း သင်အသုံးပြုသည့် လျှပ်စစ်ဓာတ်အား၏ ကီလိုဝပ်နာရီအတွက် ပေးချရေပါသည်။ သင်၏ လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီသည် သင် သုံးစွဲသည့် လျှပ်စစ်ဓာတ်အားကို တိုင်းတာရန် သင့်အိမ်နှင့် ဆက်နွယ်သည့် မီတာတစ်ခုကို အသုံးပြုပါသည်။ တစ်ကီလိုဝပ်နာရီ (One kWh) သည် 1 နာရီအတွက် 1,000 ဝပ် အသုံးပြုခြင်းနှင့် ညီမျှသည်။

## နှုန်းထားအစီအစဉ်

လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီတိုင်းတွင် နှုန်းထားအစီအစဉ်များ အမျိုးမျိုးရှိပါသည်။ သင်၏ လုပ်ငန်းစဉ်နှင့် လိုအပ်ချက်များနှင့် အသင့်တော်ဆုံး အစီအစဉ်ကို ရွေးချယ်နိုင်သည်။

### နှုန်းထားအဆင့်ဆင့် အစီအစဉ်

သင်၏ လျှပ်စစ်ဓာတ်အားနှုန်းထား အစီအစဉ်ကို အဆင့်ဆင့် စီစဉ်ထားပါသည်။ ငွေတောင်းခံကာလတစ်ခုကို အနိမ့်ဆုံးအဆင့်နှင့် စတင်နိုင်ပါသည်။ ယင်းမှာ အနိမ့်ဆုံး တစ်ကီလိုဝပ်ဈေးနှုန်းဖြစ်သည့် သင်၏ အဆင့် 1 ကီလိုဝပ်နာရီ ခွဲဝေမှုဖြစ်သည်။ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲသည်နှင့် တစ်ကီလိုဝပ်ဈေးနှုန်း မြင့်တက်သွားသည့် အခြားအဆင့်တစ်ခုကို ရောက်ရှိသွားမည်ဖြစ်သည်။ အကောင်းဆုံးဓာတ်အား ချွေတာရေး နည်းလမ်းတစ်ခုမှာ စုစုပေါင်းဓာတ်အားသုံးစွဲမှုကို ကန့်သတ်ထားပါ၊ သို့မှသာ ယင်းအတွက် အနိမ့်ဆုံးနှုန်းထား (သို့မဟုတ် အဆင့်) ပေးချရေမည်ဖြစ်သည်။

### အသုံးပြုချိန်ပေါ်မူတည်သည့် အစီအစဉ်များ

အသုံးပြုချိန်ပေါ်မူတည်သည့် (TOU) အစီအစဉ်မှ တစ်ကီလိုဝပ်ဈေးသည် လျှပ်စစ်ဓာတ်အား အသုံးပြုသည့် တစ်နေ့တာအချိန်နှင့် တပတ်တာနေ့ရက်ပေါ်တွင်

ကျောဖက်တွင် ဆက်ရန်

California Public Utilities Commission

505 Van Ness Ave.
San Francisco, CA 94102

415-703-2782
800-848-5580 (Toll Free)

cpuc.ca.gov



မူတည်သည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို နှုန်းထားနည်းသည့်အချိန်နှင့် လျှပ်စစ်ကိုးလိုအပ်မှု နည်းသည့်အခါ စီစဉ်နိုင်ပါက TOU အစီအစဉ်ဖြင့် ငွေချွေတာနိုင်သည်။ TOU အစီအစဉ်များတွင် အချို့အချိန်များကိုသာ (လျှပ်စစ်ဓာတ်အား အများဆုံး အသုံးပြုချိန်) အမြင့်ဆုံးအသုံးပြုချိန်နာရီအဖြစ် သတ်မှတ်ထားပါသည်။ အမြင့်ဆုံး အသုံးပြုချိန်နာရီများအတွင်း သုံးစွဲသည့် လျှပ်စစ်ဓာတ်အားသည် တစ်ကီလိုနာရီ အလိုက် ပို၍ကုန်ကျသည်။ ဖစ်ရပ်များစွ၌ TOU အစီအစဉ်များတွင် ညနေ 4 နာရီမှ ည 9 နာရီအထိအချိန်မှာ အမြင့်ဆုံးအသုံးပြုချိန်နာရီဖြစ်သည်။ စနေ၊ တနင်္ဂနွေအချိန် အချို့တွင်လည်း နှုန်းထားများ ကွဲပြားသည်။

ဆိုလာစွမ်းအင်ရှိသည့် သို့မဟုတ် လျှပ်စစ်ကားမောင်းနှင်သည့် သူများအတွက် နှုန်းထားအမျိုးမျိုးရှိသည့် အစီအစဉ်များ ရရှိနိုင်ပါသည်။

## နှုန်းထားအစီအစဉ်တစ်ခု ရွေးချယ်ပုံ

နှုန်းထားအစီအစဉ်တစ်ခု ရွေးချယ်ရန် ပထမ သင့်အိမ်တွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုသည့် အချိန်နှင့် သုံးစွဲပုံကို ထည့်သွင်းစဉ်းစားပါ။

- တစ်နေ့တာအတွင်း မိသားစုအားလုံး အလုပ်ခွင်နှင့် ကျောင်းတွင် ရှိနေသည့်အချိန် ရှိသလား။
- အိမ်မှုကိစ္စများပြုလုပ်ရန် မည်သည့်အချိန်ကို သင့်အချိန်ဇယားထဲတွင် သတ်မှတ်ထားသနည်း။
- သင့်မိသားစုအချိန်ဇယား ပြောင်းလွယ်ပြင်လွယ်ရှိသလား။ အသုံးအဆောင်ပစ္စည်းများကို အသုံးပြုသည့် နေ့ရက်များ သို့မဟုတ် အချိန်များကို ပြောင်းလဲနိုင်သလား။
- သင်သည် စောစောအိပ်ရာထသူလား သို့မဟုတ် ညဘက်တွင် ညနက်သည်အထိ နေသလား။ သင့်အလုပ်အချိန်ဇယား မကြာခဏ ပြောင်းလဲသလား သို့မဟုတ် ပုံမှန်အချိန်ဇယားလား။

မိသားစုတိုင်း၏ လိုအပ်ချက်များနှင့် အချိန်ဇယားများ ကွဲပြားသည်။ လျှပ်စစ်ဓာတ်အား အသုံးပြုသည့်အခါ အိမ်မှုကိစ္စများ ပြုလုပ်သည့်အချိန်များကဲ့သို့ အပြောင်းအလဲများ လုပ်နိုင်ပါက အသုံးပြုချိန်ပေါ်မူတည်သည့် အစီအစဉ်တစ်ခုဖြင့် ငွေချွေတာနိုင်ပါသည်။

အချို့အစီအစဉ်များ သို့မဟုတ် လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီများက သင့်ကို တစ်နှစ်လျှင် နှုန်းထားအစီအစဉ်တစ်ခု ပြောင်းလဲခွင့်ပေးသည်။ အခြားအစီအစဉ်များသည် အခြားအစီအစဉ် တစ်ခုသို့ သင် မပြောင်းမီ နှုန်းထားအစီအစဉ်မှာ 12-လ ထားရှိရန် သတ်မှတ်ထားနိုင်သည်။ သင့် နှုန်းထားအစီအစဉ် ပြောင်းလဲခြင်း ထိရောက်မှုရှိရန် ငွေတောင်းခံမှုကာလနှစ်ကြိမ် ကြာနိုင်သည်။

လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းကုမ္ပဏီများတွင် သင့်လိုအပ်ချက်များအတွက် အစီအစဉ်တစ်ခု ရွေးချယ်ရာတွင် အကူအညီပေးနိုင်သည့် အွန်လိုင်းကိရိယာများ ရှိပါသည်။

သင်၏ပြောင်းလဲမှုများ ပြုလုပ်ပေးအဖွဲ့အစည်းသည် အဆိုပါကိရိယာများကို အသုံးပြု၍ သင်နှင့် သင့်မိသားစုအတွက် အသင့်တော်ဆုံး နှုန်းထားအစီအစဉ်တစ်ခု ရွေးချယ်မှုကို ကူညီပေးနိုင်သည်။

### နောက်ထပ်အချက်အလက်များအတွက်-

- ဝင်ရောက်ကြည့်ရှုပါ : www.cpuc.ca.gov/team-and-changes
- **အီးမေးလ်** : cabteamandchanges@cpuc.ca.gov

California Public Utilities Commission